ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့
ပဲခူးမြို့

စာအမှတ်၊ ၄ / ၉ - ၄ / ၆ / ဦး ၆(၀၃၅၁)
ရက်စွဲ၊ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလ ၁၈ ရက်

သို့

မြို့နယ်အုပ်ချုပ်ရေးမှူး(အားလုံး)
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပဲခူးတိုင်းဒေသကြီး

အကြောင်းအရာ။ **အမိန့်ကြေငြာချက်ထုတ်ပြန်ဆောင်ရွက်သွားရန်ကိစ္စ**

ရည် ညွှန်း ချက်။ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏(၁၇.၄.၂၀၂၀)ရက်စွဲပါ စာအမှတ်၊ ၂၉၇/ ၂၆၄ (COVID-19) /ကော်မတီ(၂၀၂၀)

၁။ Coronavirus Disease 2019 (COVID-19) ကူးစက်မြန်ရောဂါသည် ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါဖြစ်ကြောင်း၊ မြန်မာနိုင်ငံအတွင်း ၂၀၂၀ပြည့်နှစ် မတ်လ (၂၃)ရက်နေ့မှစတင်၍ ရောဂါကူးစက်ဖြန့်ပွားခဲ့ရာ စုစုပေါင်း(၉၄)ဦး ကူးစက်ခံစားရပြီး (၅)ဦးသေဆုံးခဲ့ပြီးဖြစ်ကြောင်း ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှထုတ်ပြန်ကြေငြာခဲ့ပါသည်။ (COVID-19) ရောဂါသည် အများပြည်သူတို့၏ ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးများကိုထိခိုက် စေသည့်အပြင် အသက်အန္တရာယ်သေဆုံးသည် အထိဖြစ်ပွားလာနိုင်သဖြင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျှက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုများကိုပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန်အတွက် ပဲခူးတိုင်းဒေသကြီးအတွင်း **ညမထွက်ရ Curfew** အမိန့်ကြေငြာချက်ထုတ်ပြန် သွားမည်ဖြစ်ပါကြောင်းတင်ပြခဲ့မှုအပေါ် အထက်ရည်ညွှန်းပါစာဖြင့် လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားလာပါသည်။

၂။ (COVID-19)ရောဂါ ထိန်းချုပ်ကာကွယ်တားဆီးရေးနှင့်ပတ်သက်၍ ပိုမိုဆောင်ရွက်နိုင်ရန် ညမထွက်ရ အမိန့်ထုတ်ပြန်နိုင်ရေး သက်ဆိုင်ရာရပ်ကွက်/ကျေးရွာအုပ်စု ထိန်းချုပ်ရေးနှင့်အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ တင်ပြလာမှုအပေါ် မြို့နယ်စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ဆွေးနွေးဆုံးဖြတ်အတည်ပြုချက်ရယူ၍ အမှုတွဲဖွင့်လှစ်တည်ဆောက်ပြီး ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ-၁၄၄ အရ ဒေသန္တရ အမိန့်ထုတ်ပြန်ရေး စနစ်တကျဆောင်ရွက်ရန်ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပဲခူးတိုင်းဒေသကြီးအတွင်း Coronavirus Disease 2019 (COVID-19) ရောဂါကာကွယ်ထိန်းချုပ်တားဆီးရေးအတွက် မိမိတို့မြို့နယ်အတွင်း ၂၀၂၀ပြည့်နှစ် ဧပြီလ (၁၈) ရက်နေ့မှ

စတင်၍ ည(၁၀ ၀၀)နာရီမှ နံနက် (၀၄ ၀၀)နာရီအတွင်း ညမထွက်ရ Curfew အမိန့်ကို လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ပြန်ဆောင်ရွက်သွားရန် အကြောင်းကြားပါသည်။

ပူးတွဲ - နမူနာပုံစံ (၃)ရွက်

၁၈/၄/၂၀၂၀

ဝန်ကြီးချုပ်(ကိုယ်စား)
ဦးခင်မောင်ဆန်း၊အတွင်းရေးမှူး

မိတ္တူကို
Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၊နေပြည်တော်
ဥက္ကဋ္ဌ၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်၊ပဲခူးမြို့
တရားသူကြီးချုပ်၊ပဲခူးတိုင်းဒေသကြီးတရားလွှတ်တော်၊ပဲခူးမြို့
ဝန်ကြီးများ(အားလုံး)၊ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ပဲခူးမြို့
ဥပဒေချုပ်၊ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံး၊ပဲခူးမြို့
စာရင်းစစ်ချုပ်၊ပဲခူးတိုင်းဒေသကြီးစာရင်းစစ်ရုံး၊ပဲခူးမြို့
တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၊တောင်ငူမြို့
တိုင်းဒေသကြီးရဲတပ်ဖွဲ့မှူး၊ပဲခူးတိုင်းဒေသကြီးရဲတပ်ဖွဲ့မှူးရုံး၊ပဲခူးမြို့
ခရိုင်အုပ်ချုပ်ရေးမှူး၊ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊(ပဲခူး၊တောင်ငူ၊ပြည်၊သာယာဝတီ)
လက်ခံစာတွဲ
မျှောစာတွဲ